PETER THIEL

# ZERO TO ONE

(အနှစ်ချုပ်)

ထင်ဇော်မှူးသင် (မြန်မာပြန်)

Zero to One အနှစ်ချုပ်ဘာသာပြန်
ထင်ဇော်မှူးသင် (မြန်မာပြန်)
*

မူရင်းစာရေးဆရာ Peter Thiel ရေးသားထားသော Zero to One စာအုပ်၏အနှစ်ချုပ်ကို ထင်ဇော်မှူးသင် ဘာသာပြန်သည်။

ဘာတွေသိမှတ်ရမလဲ

ကမ္ဘာ့အထင်ရှားဆုံး ရင်းနှီးမြှုပ်နှံသူ တစ်ယောက်၏ စွန့်ဦးတီထွင်လုပ်ငန်းတစ်ခု အတွက် အောင်မြင်ရေး လျှို့ဝှက်ချက်များကို လေ့လာခွင့်ရမည်။

ယနေ့ကာလတွင် လူတိုင်းနီးပါး ကိုယ်ပိုင်ရုံးခန်းပင် မလိုအပ်ဘဲ ကိုယ်ပိုင်လုပ်ငန်း စလုပ်နိုင် သည်။ စွန့်ဦးတီထွင် အတော်များများက ၎င်းတို့၏ ဧည့်ခန်း သို့မဟုတ် အနီးအနားရှိ ကော်ဖီဆိုင်ကိုပင် ရုံးခန်း လုပ်လိုက်ကြသည်။

ယင်းသည် ဆန်းသစ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စိတ်ဝင်စားသူများအတွက် သတင်းကောင်း ဖြစ်လေသည်။ သို့တိုင် ကံမကောင်းအကြောင်းမလှစွာပင် ကိုယ်ပိုင်လုပ်ငန်းငယ် အများစုမှာ သက်တမ်းတိုလှ၏။

ယခုမှတ်စုတိုများတွင် ကမ္ဘာ့ဝါရင့် ရင်းနှီးမြှုပ်နှံသူများထဲက တစ်ယောက်ဖြစ်သည့် ပီတာသီးလ်၏ အတွေ့အကြုံများ၊ ဒဿနနှင့် အကြံဉာဏ်များကို တင်ပြပါမည်။ သူသည် PayPal ကို ပူးတွဲ တည်ထောင်သူ ဖြစ်ပြီး

ပထမဆုံး အပြင်လူတစ်ယောက် အဖြစ် Facebook ကို အရင်းအနှီး ထည့်ခဲ့သူဖြစ်သည်။ ထူးခြားသည့် သူ့ချဥ်းကပ်မှုက အနာဂတ်ကို သင်မည်သို့ ဟောကိန်းထုတ်ရ မည်၊ ပြီးလျှင် သင့်စတင်လုပ်ငန်းကို မည်သို့ အောင်မြင်အောင် လုပ်ကိုင်ရမည်ကို ဖော်ပြထားသည်။

ယင်းအနှစ်ချုပ်များတွင်

• လက်ဂါးကြီးအုပ်ခွင့် ရရှိခြင်းသည် တီထွင်ဖန်တီးမှုများ အတွက် အဘယ်ကြောင့် ကောင်းမွန် သနည်း။

• သင့်စတင်လုပ်ငန်းသည် အဘယ်ကြောင့် သုညမှ တစ်ကို သွားဖို့ လိုအပ်သနည်း။

• စတင်လုပ်ငန်း တည်ထောင်သူတစ်ယောက်က ဖုံးလုပ်သည့် အတွေ့အကြုံ ရှိခြင်းသည် ဖြစ်လေ့ဖြစ်ထ ရှိသည့် အဖြစ်အပျက် ဆိုသည်တို့ကို ဖတ်ရပေမည်။

***